


# နာကျင်ထိခိုက်မှုများလေ ကိုယ်ချင်းစာမေတ္တာပိုထားဖြစ်လေ

## ကပ်တွင်းဖြစ်ရပ်လေးတခု

---

ကဘာ တလွှား ပြန့်နေတဲ့ ကိုဗစ်ကပ်ရောဂါကြီးဟာ 2020 ခုနှစ် မတ်လ ကုန်ပိုင်းလောက်မှာ မဖိတ်ခေါ်ပဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ပါတယ်။.

ရောဂါကူးစက်မှုထိန်းချုပ်ရန်နှင့် တားဆီးရန်အတွက် စာသင်ကျောင်းအားလုံးကို ချက်ချင်းဆိုသလို ပိတ်ပစ်ခဲ့ရပါတယ်။ငွေကြေး ပြည့်စုံတဲ့ အထက်တန်းနှင့် အလယ်လတ်တန်းစား ကျောင်းသားတွေသာ အွန်လိုင်းမှ တဆင့် ဆက်လက် ပညာသင်ကြားခွင့် ရပြီး  ကျောင်းသားအများစုကတော့ အခုချိန်ထိ စာသင်ခန်းနဲ့ ဝေးနေရပါတယ်။

အသက် ၄၄ နှစ်အရွယ် အစ်စလာမ် ဘာသာဝင် ဖခင်တဦးဖြစ်တဲ့ ဆေးဆိုင်ပိုင်ရှင် မိုဟာမတ်ကတော့ အပြင်ထွက် မဆော့နိုင်၊သူငယ်ချင်းတွေနဲ့ ကျောင်းမှာ မကစားနိုင်တဲ့ သူ့သားနှစ်ယောက် အတွက် အိမ်နောက်ဖေးဖက်မှာ ကစားကွင်းတခု ဆောက်ပေးခဲ့ပါတယ်။ဉာဏ်အမြော်အမြင်ရှိတဲ့ မိသားစုရဲ့ ဦးဆောင်သူဖြစ်တဲ့ မိုဟာမတ် က “ မိသားစု ဟာအရာအားလုံးထက်ပိုအရေးကြီးတယ်ဆိုတာ ဒီလိုကာလာမှာ ကျွန်တော်ကောင်းကောင်းသဘောပေါက် သွားတယ်” ပြောပါတယ်။သူဟာ ညနေ ၆ နာရီ မထိုးခင် အိမ်ပြန်ရောက်အောင် ကြိုးစားပြီး မိသားစုကို အဖော်ပြုပါတယ်။သူ့သားတွေ အတွက်လည်း အိမ်မှာ ပျော်ပျော်ရွှင်ရွှင် ကစားနိုင်အောင် လစဥ် ကစားစရာတွေ ဝယ်ပေးပါတယ်။

မြန်မာပြည်မှာ ရှိတဲ့ မူဆလင် အများစုကတော့ ကိုယ်ပိုင် လုပ်ငန်း သို့မဟုတ် စီးပွားရေးကိုယ်စီ ရှိကြပါတယ် အဲ့လိုမှ မဟုတ်လျှင် အစိုးရဌာန တခုခု သို့မဟုတ် အခြားဘာသာဝင်များပိုင်ဆိုင်တဲ့ ကုပဏီတွေမှာ ရာထူးကြီး တခုခုနဲ့ ဝင်ရောက်လုပ်ကိုင်ရန် မလွယ်ကူပါ။တချို့ ကိုယ်ပိုင်လုပ်ငန်းမရှိတဲ့ မူဆလင်တွေဟာ မူဆလင်ဘာသာဝင်တွေ ပိုင်ဆိုင်တဲ့ လုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်ကြရပါတယ်။အဲ့ဒီအတွက်ကြောင့်လည်း အလယ် အလတ်နဲ့ အသေးစား လုပ်ငန်း ၉၀ ရာခိုင်နှုန်း ဟာ ကိုဗစ်ရဲ့ ရိုက်ခတ်မှု့ ကြောင့် ထိခိုက်ခဲ့ရပေမယ် ကိုယ်ပိုင်လုပ်ငန်းတွေရှိကြတဲ့ မူဆလင် အများစုကတော့ သိပ်အခက်အခဲ မကြုံပဲ အေးဆေးစွာ ဖြတ်သန်းနိုင်ကြပါတယ်၊

မူဆလင် မိဘအများစုဟာ သူတို့သားသမီးတွေကို အထက်တန်း ပညာရေး မဆုံးခင်မှာပဲ ကျောင်းထုတ်ပြီး အသက်မွေးဝမ်းကျောင်း ပညာရပ် တခုခု သို့မဟုတ် ငွေရှာ နည်းတွေကို သင်ပေးကြပါတယ်။အဲ့ဒီအတွက်ကြောင့် မူဆလင် အများစုဟာ ပညာ သိပ်မတက်ပေမယ့် မဆင်းရဲကြပါဘူး။အဲ့လို စီးပွားရေးပြေလည်နေလို့လဲ သူတို့ဟာ ကိုဗစ်ရောဂါထိန်းချုပ် ကုသရေး ဆေးရုံတွေ စင်တာတွေကို ငွေကြေးများ လှူတန်းနိုင်ကြ သလို စေတနာ့ ဝန်ထမ်းများ အဖြစ်နဲ့ ပါဝင်ရောက်လုပ်ကိုင်နိုင်ကြပါတယ်။ဒီကိုဗစ်ကာလမှာ ဘုရားတွေ၊ဗလီတွေ၊ဘုရားကျောင်းတွေ အားလုံးပိတ်ထားတဲ့ အတွက် သက်ဆိုင်ရာ ဘာသာရေး ကိုးကွယ်မှု့တွေနဲ့ ဝတ်ပြုမှု့တွေကို အိမ်မှာသာ ပြုလုပ်နိုင်ကြပေမယ့်လည်း မြန်မာနိုင်ငံသားအားလုံးက တော့ ကိုဗစ်ရောဂါကြီးကို အတူတူ တိုက်ဖျက်နေကြပါတယ်။လမ်းတော်များများမှာလည်း အတားအဆီး အပိတ်အဆို့ တွေ ပြုလုပ်ကြပြီး ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်လမ်းတွေထဲ တစိမ်းလူများ မဝင်ရောက်နိုင်အောင် တားဆီးထားကြတဲ့ အတွက် တနေရာမှ တနေရာ သွားလာဖို့တော့ တော်တော်လေး မလွယ်ကူပေမယ့် အချင်းချင်း ကူညီ ရိုင်းပင်းမှု့ စောင့်ရှောက်မှု့တွေတော့ ရှိကြပါတယ်။

အမျှော်အမြင်ရှိတဲ့ မိုဟာမက်ဟာ တရုတ်ပြည်မှ အခြားတိုင်းပြည်များကို ကိုရိုးနား ဗိုင်းရပ်စ်စတင် ပြန့်နှံ့နေတဲ့ သတင်းကို ကြားကြားချင်း မြန်မာပြည်သို့ မကူးစက်သေးခင်မှာပဲ ခွဲစိတ်ခန်းသုံး မျက်နှာဖုံးများနှင့် လက်သန့်စင်ဆေးရည်များကို များနိုင်သလောက် များများလေး ဝယ်ယူစုဆောင်းခဲ့ပါတယ်။သူဟာ 2020 မေလ ထဲမှာ သူစုဆောင်းထားတဲ့ မျက်နှာဖုံးနဲ့ လက်သန့်ဆေးရည်တွေ တခြားဆေးဝါးတွေ ရောင်းချရာကနေ အမြတ်အစွန်းအများကြီး ရခဲ့ပါတယ်။သူဟာ မျက်နှာဖုံးတွေ လက်သန့်စင်ဆေးရည်တွေ မူလဈေးနှုန်းထက် 15 ဆလောက် တက်နေချိန်မှာ မျက်နှာဖုံး ဘူးပေါင်း 200 နဲ့ လက်သန့်စင်ဆေးရည် 100 ပုလင်းကို သူ့အသိမိတ်ဆွေတွေ၊ဆွေမျိုးသားချင်းတွေနှင့် အိမ်နီးချင်းများကို လှူဒါန်းပေးကမ်းနိုင်ခဲ့ပါတယ်။သူဟာ သူ့ အိမ်အနီးအနားမှာ ရှိတဲ့ ကိုဗစ်ကုသရေး စင်တာတွေ စောင့်ကြည့်ဌာနတွေကို ဆေးရုံသုံး ပစ္စည်းများနှင့် ဆေးဝါးများကိုလည်း လှူတန်းခဲ့ပါသေးတယ်။သူ့ဇနီးကတော့ ဆင်းရဲသားအိမ်ထောင်စု 500 စာအတွက် ဆန်နှင့် ဆီတွေ လှူတန်းခဲ့ပါတယ်၊နေ့စဉ်လည်း ကိုဗစ်စောင့်ကြည့်ရေး ဌာနတွေမှာရှိတဲ့ လူ ဆယ်ဦးစာ အတွက် ချက်ပြုတ်လှူတန်းနေပါတယ်။မိုဟာမက် အပါအဝင် တခြားမူဆလင်တွေ သတိထားမိတာကတော့ ကိုဗစ်ကာလမှာ ဘာသာရေးခွဲခြားမှုတွေ မရှိသလောက် နည်းပါးသွားတယ်။ “အဆိုးထဲက အကောင်းပေါ့ဗျာ” လို့ မိုဟာမက်က ပြောပါတယ်။ဆက်လက်ပြီး မိုက်ဟာမက်က “ကျွန်တော် ဝင်ငွေတွေ နည်းပါးလာခဲ့လျှင်တောင်မှ ကိုဗစ်တိုက်ဖျက်ရေးအတွက် ဆက်လက်လှူတန်းမှုတွေ ကျွန်တော့် ပတ်ဝန်းကျင်ကို အကျိုးပြုမှုတွေကို ပြုလုပ်သွားဦးမှာ ဘာလို့လဲ ဆိုတော့ ကျွန်တော် ဘယ်သူ့ကို မှ အခုလို အဖြစ်ဆိုးတွေကို ထပ်ပြီး မခံစားစေချင်တော့ဘူးဗျာ”။

မိုဟာမက်မှာ ကိုဗစ်အလွန်ကာလမှာ သူ့သားတွေနှင့် အတူ ဗလီမှာ ဝတ်ပြုမှုတွေ ပြုလုပ်နိုင်ဖို့ မြန်မာပြည် အထက်ပိုင်းကို မိသားစုနှင့် အတူ ခရီးထွက်ဖို့ စိတ်ကူးနေပါတယ်။




အစလာမ်ဘာသာဝင်တယောက် ဖြစ်တဲ့ အမျိုးသမီးငယ်လေးတယောက်ကတော့ ကိုဗစ်ကာလမှာ ဆယ်တန်းအောင် မြင်ထားပြီး ဆေးတကသိုလ် တက်ဖို့ အရမ်းစိတ်လှုပ်ရှားနေပေမယ့် သူ့ သူငယ်ချင်းတွေနဲ့တောင် အဆင်မပြေဖြစ်နေပါတယ်။သူက မူဆလင် ကုသိုလ်ဖြစ်ဆေးရုံမှာ ဆရာဝန်တယောက် အဖြစ် ဝင်ရောက်လုပ်ကိုင်ဖို့ မျှော်မှန်းထားပါတယ်။ သူမ ငယ်စဥ် ဘဝက တချို့ ဘာသာမတူတဲ့ မိဘတွေက သူတို့ သားသမီးတွေကို သူမရဲ့ အိမ်မှာ လာရောက် ကစားဖို့ တားမြစ်မှု့ ကြုံထားဖူးတဲ့ အတွက်ကြောင့် သူမ ဆရာဝန် ဖြစ်လာတဲ့ တနေ့ လူမျိုး ဘာသာမခွဲခြားပဲ စောင့်ရှောက်၊ကူညီကုသပေးရင်း အခြား အစ်လာမ် ဘာသာဝင်မဟုတ်သူများနှင့် ခိုင်မာတဲ့ ရင်းနှီးမှု့တွေ ယုံကြည်မှု့တွေ ပြုလုပ်နိုင်လိမ့်မည်လို့ ယုံကြည်ထားပါတယ်။သူမက “ ဘာသာရေးခွဲခြားမှု့တွေကို တိုက်ဖျက်ဖို့အတွက် အချင်းချင်း လေးစားမှု့ ကူညီရိုင်းပင်းမှု့တွေက အလိုအပ်ဆုံးပါပဲ”။သူမ အနေနဲ့လည်း မိုဟာမက်လိုပဲ ဒီကိုဗစ်ကာလမှာ ဖေ့စ်ဘွတ် ပေါ်မှာ ခါတိုင်းမြင်နေကြဘာသာရေးခွဲခြားမှု့ တွေ အမုန်းစကားတွေ နည်းပါးသွားတာကို သတိထားမိပါတယ်။သူမက “ကျွန်မတို့ မြန်မာနိုင်ငံသား အားလုံးဟာ ကိုဗစ်ကြောင့် တော်တော်လေး အခက်အခဲတွေ ရင်ဆိုင်နေရပါတယ်၊မူဆလင်တွေဟာလည်း တခြားဘာသာဝင်များနည်းတူ ကိုဗစ်တိုက်ဖျက်ရေးနဲ့ ကာကွယ်တားဆီးရေး အပိုင်းတွေမှာ စိတ်အားထက်သန်စွာနဲ့ လှူတန်းမှု့တွေ စေတနာ့ ဝန်ထမ်းလုပ်မှု့တွေနဲ့ တိုင်းပြည်အကျိုးကို သယ်ပိုးထမ်းဆောင်နေကြပါတယ်”။

အင်ဂျင်နီယာ တယောက်ဖြစ်တဲ့ သူ့ဖခင်ဟာ ရန်ကုန်မြို့လယ်ခေါင်မှာ နာရီဆိုင် တဆိုင်ပိုင်ဆိုင်ထားပါတယ်။သူမ ဖခင်ဟာ ဈေးဝယ်သူများနှင့် ဆက်ဆံ စကားပြောစဥ်

အချိန်အခါတွေ မျက်နာဖုံးမတက်ခြင်းဖြင့် ရောဂါကူစက်မှုကို ကာကွယ်တားဆီးရန် ပျက်ကွက်တာကြောင့် အချိန်မရွေး သူ့ ဖခင်ကော အခြား မိသားစုဝင်တွေကို ပါ အချိန်မရွေး ကူးစက်နိုင်တာကြောင့် အလွန်စိုးရိမ်ဖွယ် အနေအထားတခု ဖြစ်နေပါတယ်။ဆိုင်ရဲ့ ရောင်းအားကလည်း ဆိုင်လခ တောင် အနိုင်နိုင်ပေးနေရတာကြောင့် မကြာခင် ဆိုင်ပိတ်ပြီး ဆိုင်ခန်းပြန်အပ်ရမည့် အဖြစ်ရောက်နိုင်သောကြောင့် သူမဟာ မိခင်နှင့် အတူ လမ်းဘေး စားသောက်ဆိုင်လေး တဆိုင်ဖွင့်လှစ်ရောင်းချဖို့ စဉ်းစားနေပါတယ်။သူမက " မောင်နှမတွေထဲမှာ အကြီးဆုံးက မိသားစုကို စောင့်ရှောက်ကျွေးမွေးဖို့ ဖခင်ပြီးအရင် ဒုတိယ တာဝန်အရှိဆုံးလူလေ"။အကယ်၍များ သူမဟာ စားသောက်ဆိုင်ဖွင့်လှစ်ပြီး မိသားစုကို ရှာဖွေကျွေးမွေးဖို့ လိုအပ်လာပါက၊ သူမဖြစ်ချင်တဲ့ ဆရာဝန်ဆိုတာက ဖြစ်နိုင်ဖို့ တော်တော်လေး ခဲရင်းသွားမှာပါ။

ဖေ့စ်ဘွတ်မှတဆင့် ကျန်းမာရေး ဗဟုသုတတွေ ရရှိထားတဲ့ သူမဟာ သူ့မိဘတွေ အပြင်က ဘာပဲ ယူလာယူလာ ပိုးသတ်ဆေးရည်နှင့် ပက်ဖြန်းဆေးကြောပြီးမှ အိမ်ထဲကို ယူသွင်းပါတယ်၊ဘာလို့လဲ ဆိုတော့ အသက် ၈၄ နှစ် အရွယ် ဘွားအေကြီး အပါအဝင် မောင်ငယ် နှစ်ယောက်ကို ရောဂါကူးစက်မှုမှ ကာကွယ်ရန် အတွက်ပဲ ဖြစ်ပါတယ်။သူမဟာ သူမ သိထားတဲ့ ကျန်းမာရေး ဗဟုသုတတွေကို သူ့သူငယ်ချင်းတွေနှင့် ပတ်ဝန်းကျင်က လူများသိရှိစေရန် လူမှု့ ကွန်ယက်ကို အသုံးပြုပြီး ပြန်လည်မျှဝေမှုတွေ ပြုလုပ်ပေးနေပါတယ်။အိမ်ထဲမှာပဲ နေထိုင်နေရတဲ့ အဖွားနှင့် အမောင်နှစ်ယောက်ကိုအင်္ဂလိပ်ရုပ်ရှင်တွေ ကာတွန်းကားတွေကို အတူတူကြည့်ပေး ခြင်းနဲ့ အဖော်ပြုနေရတဲ့ သူမဟာ သူစိမ်းတရံတွေများလားဆိုပြီး တံခါးခေါက်တိုင်း ကြောက်လန့်နေတတ်တဲ့ မောင်အငယ်ဆုံးလေးကို သနားနေမိတယ်။သူမက "ကျမ အထင် ကျမ မောင်အငယ်ဆုံးလေးက အိမ်အပြင်ထွက်မကစားတာ ကျောင်းမတက်ရတာတွေ ကြာလာတော့ လူကြောက်တတ် လာတာလို့ ထင်တယ်"။

သူမဟာ သူ့ဖခင် ရဲ့ နာရီဆိုင်လေး မပိတ်ရသေးခင် ကိုဗစ်ကပ်ရောဂါကြီး အမြန်ပြီး သွားစေချင်နေပါတယ်၊ "အဲ့တာမှ ကျမတို့ မိသားစုကော အခြား မိသားစုတွေပါ စီးပွားရေး အဆင်ပြေပြီး လူတိုင်း မျှော်မှန်းထားတဲ့ အနာဂါတ် ဘဝလေးကို ပုံဖော်နိုင်ကြမှာပါ" ပြောပါတယ်။သူမဟာ ဘာသာရေးခွဲခြားမှုတွေ မရှိတော့တဲ့ ကိုဗစ်ကာလ လိုမျိုး အခြေအနေကို ကိုဗစ်အလွန်ကာလတွေမှာလည်း အမြဲတမ်းဖြစ်နေချင်တဲ့ သူတယောက်ပါ။

မြန်မာနိုင်ငံသား အားလုံးကတော့ ဒီရောဂါကြီး အမြန်ပြီးသွားဖို့ နှင့် တိုင်းပြည် သာယာအေးချမ်းဖို့ စုတောင်းနေကြ ကြိုးပမ်းနေကြဆဲ ပဲ ဖြစ်ပါတယ်။ ။

— ဇူလိုင်လ 2021

ယခုအကြောင်းအရာသည် ဦးအေးမြင့်(အမည်လွှဲ) ပြောပြသည်များကို မူလဗမာစာဖြင့်ရေးသားထားခြင်းဖြစ်ပြီး အင်္ဂလိပ်ဘာသာ နို့ဝယ်မှ ပြန်ဆိုထားခြင်းဖြစ်ပါသည်။

ယခုဖြစ်ရပ်လေးသည် အရှေ့အာရှ အင်နိုဗေးရှင်းဖော်ချိန်းအဖွဲ့မှ ထုတ်ဝေခြင်းဖြစ်သည်။ ထိခိုက်ခံစား ပစ်ပယ်ခံထားရသည့်နေရာများမှ ကိုဗစ်-၁၉ ကာလအတွင်း ဖြစ်ရပ်များစုစည်းခြင်း စီမံကိန်းအတွင်းမှ တစ်ခုဖြစ်ပါသည်။ယခုစီမံကိန်းတွင် အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင် နှင့် ဗီယက်နမ်နိုင်ငံရှိ ထိခိုက်လွယ် ပစ်ပယ်ခံထားရသော နေရာများမှ လူ(၆)ဦး၏ ကပ်ဘေးကာလအတွင်းအတွေ့အကြုံများကို စုစည်းထားခြင်းဖြစ်ပါသည်။

အင်္ဂလိပ် ဘာသာစကားဖြင့် ရယူရန် ဒီမှာနှိပ်ပါ။